AUSTRALIAN ENERGY REGULATOR

# အချက်အလက်စာစောင်- လျှပ်စစ်၊ ဓါတ်ငွေ့ဖြန့်ချီသည့် ကုမ္ပဏီ လုပ်ငန်းပျက်သုဉ်းသွားသည့်အခါ ဘာဖြစ်ပွားမည်နည်း။

လျှပ်စစ် သို့မဟုတ် ဓါတ်ငွေ့ ဈေးနှုန်း ကြီးမြင့်မှုများကဲ့သို့ စွမ်းအင်ဖြန့်ချီသည့် ဈေးကွက် ပြောင်းလဲမှုများကြောင့် တစ်ခါတစ်ရံ စွမ်းအင်ဖြန့်ချီကုမ္ပဏီတစ်ခုသည် လုပ်ငန်း ဖျက်သိမ်းလိုက်ရနိုင်သည်။

စွမ်းအင်ကုမ္ပဏီဆိုသည်မှာ သင့်ထံ လျှပ်စစ် သို့မဟုတ် ဓါတ်ငွေ့ ငွေတောင်းခံလွှာပို့သည့် စီးပွားလုပ်ငန်းရှင်ဖြစ်သည်။

## သင်၏ လျှပ်စစ် သို့မဟုတ် ဓါတ်ငွေ့ကို ဖြန့်ချီပေးသည့် စွမ်းအင်ကုမ္ပဏီ လုပ်ငန်း ဖျက်သိမ်းသွားသည့်အခါ ဘာဖြစ်ပွားမည်နည်း။

အကယ်၍ သင့် စွမ်းအင်ကုမ္ပဏီသည် လုပ်ငန်းဖျက်သိမ်းသွားသည့်အခါ သင်၏ လျှပ်စစ် သို့မဟုတ် ဓါတ်ငွေ့ ပြတ်တောက်သွားမည့်အကြောင်း မစိုးရိမ် မပူပန်ပါနှင့်။ သင့်အား စွမ်းအင်ကုမ္ပဏီအသစ်သို့ အလိုအလျောက် လွှဲပြောင်းပေးပါလိမ့်မည်။ ကုမ္ပဏီအသစ်သည် သင် စွမ်းအင်ရရှိနေစေရန် သေချာအောင်လုပ်ပေးပါလိမ့်မည်။

စွမ်းအင်ကုမ္ပဏီအသစ်မှာ မည်သူဖြစ်သည်ကို သင် သိရှိရန်အကူအညီလိုအပ်သည့်အပြင် သင့်ဘာသာစကားဖြင့် စကားပြောလိုလျှင် ဘာသာပြန်နှင့်စကားပြန် ဌာန (Translating and Interpreting Service) ဖုန်း 131 450 ကိုဆက်၍ ဩစတြေးလျ စွမ်းအင် စည်းမျဉ်းကြီးကြပ်ရေး  (Australian Energy Regulator) ဖုန်း 1300 585 165 ကိုဆက်သွယ်ခိုင်းပါ။

## စွမ်းအင်ကုမ္ပဏီအသစ်သည် မည်သည့် ဈေးနှုန်းဖြင့် ကောက်ခံမည်နည်း။

သင့် လျှပ်စစ် သို့မဟုတ် ဓါတ်ငွေ့ကို စွမ်းအင်ကုမ္ပဏီအသစ်သို့ ပြောင်းရွှေ့ပေးလိုက်သည့်အခါ စွမ်းအင် အစီအစဉ် အသစ်တစ်ရပ်ကို သင့်အား စီစဉ်ပေးပါလိမ့်မည်။ ထိုစွမ်းအင် အစီအစဉ်တွင် သင့် လျှပ်စစ် သို့မဟုတ် ဓါတ်ငွေ့အတွက် မည်မျှပေးရမည်ကို ဖော်ပြထားပါသည်။

ဤအစီအစဉ်တွင် မူလ စွမ်းအင်ကုမ္ပဏီက ကောက်ခံသည့် ဈေးနှုန်းထက်ပိုများနိုင်သည့် ဈေးနှုန်းဖြင့် သင့်အား ကျသင့်စေပါလိမ့်မည်။ စွမ်းအင် ကုမ္ပဏီ အသစ်အား ဖုန်းခေါ်ဆိုပြီး ဈေးနှုန်းသက်သာသည့် စွမ်းအင် အစီအစဉ် ရှိမရှိ မေးမြန်းပါ။

## စွမ်းအင် ကုမ္ပဏီ နောက်တစ်ခုသို့ ကျွန်ုပ် လွှဲပြောင်းနိုင်ပါသလား။

သင့်အား အလိုအလျောက် လွှဲပြောင်းပေးလိုက်သည့် စွမ်းအင်ကုမ္ပဏီတွင် သင် နေရန်မလိုအပ်ပါ။ စွမ်းအင် ကုမ္ပဏီအသစ်မှ နောက်တစ်ခုသို့ သင် အချိန်မရွေး ပြောင်းနိုင်ပါသည်။

သင့်ဒေသရှိ စွမ်းအင်ကုမ္ပဏီအားလုံးထံမှ လျှပ်စစ်သုံးစွဲမှုဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ရန် ကျွန်ုပ်တို့၏ စွမ်းအင်ဈေးနှုန်း နှိုင်းယှဉ်ချက် ဝက်ဘ်ဆိုက် Energy Made Easyတွင်ကြည့်ပါ။

## အကယ်၍ ကျွန်ုပ်တွင် အသက်ကယ် ကိရိယာတပ်ဆင်ထားရသည့် အထူးလိုအပ်ချက်များရှိလျှင် ဘာဖြစ်မည်နည်း။

သင့်အနေဖြင့် စွမ်းအင်ကုမ္ပဏီအသစ်အား အရေးပေါ် ဆက်သွယ်သင့်ပြီး အောက်စီဂျင်ဓါတ်ငွေ့ရှူကိရိယာ၊ ကျောက်ကပ်ဆေးစက်၊ အသက်ရှူကိရိယာနှင့် အသက်ကယ်ဆယ်ရေးအတွက်လိုအပ်သည့် အခြားကိရိယာကဲ့သို့ ပံ့ပိုးရေးကိရိယာများ သုံးစွဲနေရကြောင်း ပြောပြပါ။

သင် အသက်ကယ်ကိရိယာ လိုအပ်သည်ကို အတည်ပြုသည့် ဆေးလက်မှတ် သင့်ဆရာဝန်ထံမှ ယူထားရန်လည်း သင် လိုအပ်ပါမည်။ ဤဆေးလက်မှတ်ကို သင် စွမ်းအင် ကုမ္ပဏီအသစ်သို့ ပေးရန်လိုပါမည်။ ယင်းနောက် သင့် စွမ်းအင်ကုမ္ပဏီအသစ်သည် သင့်အိမ်၌ အသက်ကယ် ကိရိယာထားရှိနေသည်ဟူ၍ မှတ်တမ်းတင်ရမည်။

## ကျွန်ုပ်က စွမ်းအင်ကုမ္ပဏီအသစ်ကို ဆက်သွယ်ရန် လိုသလား သို့မဟုတ် ၎င်းတို့က ကျွန်ုပ်အား ဆက်သွယ်မည်လား။

စွမ်းအင်ကုမ္ပဏီအသစ်သည် သာမန်အားဖြင့် စာဖြင့် ငါးပတ်ခန့်အတွင်း သင့်အား ဆက်သွယ်သင့်သည်။

သင့်အနေဖြင့် စွမ်းအင်ကုမ္ပဏီအသစ်ကို ဆက်သွယ်ရန် မလိုအပ်သော်လည်း အကယ်၍ အောက်ပါကိစ္စများ၌ ၎င်းတို့အား ဆက်သွယ်ပါ-

- ကုမ္ပဏီအဟောင်းထံမှ လျှပ်စစ် ဓါတ်ငွေ့ဖိုးများ ပေးရန် အခက်အခဲရှိခဲ့ပြီး ပေးရန်နည်းလမ်းများအကြောင်း ပိုမိုသိရှိလိုလျှင်
- သင့်အတွက် အကောင်းဆုံး စွမ်းအင် အစီအစဉ်ရှိနေသည် ဟုတ်မဟုတ် သိရှိလိုလျှင်။

## ကျွန်ုပ်သည် စွမ်းအင် ကုမ္ပဏီအဟောင်းသို့ ငွေပေးရန်ရှိနေသည်။ ကျွန်ုပ် ဘာလုပ်ရန် လိုအပ်သနည်း။

စွမ်းအင် ကုမ္ပဏီအဟောင်းသို့ သင် ပေးရန်ရှိသည်ငွေကို ပေးရန်လိုအပ်နေသေးသည်။ သင် ပေးရန်ရှိသည့် ငွေပမာဏကို ပေးရန်နည်းလမ်း အမျိုးမျိုးအကြောင်း အကယ်၍ သင် မေးမြန်းလိုပါက စွမ်းအင်ကုမ္ပဏီ အဟောင်းကို ဆက်သွယ်ပါ။